# စစ်ကောင်စီ၏လေကြောင်းအသုံးပြုတိုက်ခိုက်မှုများ လေ့လာမှုအစီရင်ခံစာ [၅]

## သုတေသနနည်းနာ

ဤအစီရင်ခံစာသည် ၂၀၂၄ခုနှစ်၊ မေလ မှ ဩဂုတ်လ အထိ (၄) လတာကာလအတွင်း စစ်ကောင်စီကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရမှုများနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သောသတင်းမီဒီယာများမှ သတင်းအချက်အလက်များအပေါ် အခြေခံ၍ လေ့လာတင်ပြထားခြင်းဖြစ်ပြီး သတင်းမီဒီယာ စုစုပေါင်း (၄၀) ခုမှ ကောက်ယူထားခြင်းဖြစ်ပါသည်။

အစီရင်ခံစာတွင် ဖော်ပြထားသည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ တရက်အတွင်း နေရာ ၁ခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်လျှင် ဖြစ်စဉ် ၁ခု ဖြစ်ပြီး၊ တရက်အတွင်း နေရာ ၂ခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်လျှင် ဖြစ်စဉ် ၂ခု အဖြစ် သတ်မှတ်ထားသည်။ လေကြောင်းတိုက်ခိုက်မှုအကြိမ်အရေအတွက်ကို ကောက်ယူသည့်နည်းနာမှာ တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် သတင်းမီဒီယာဖော်ပြချက်များတွင် ဖြစ်စဉ်တခုအတွက် လေကြောင်းတိုက်မှု အကြိမ်အရေအတွက်ကို ဖော်ပြထားခြင်းမရှိပါက လေကြောင်း အသုံးပြုမှုအရေအတွက် ၁ ကြိမ်ဟု ကောက်ယူထားပါသည်။

တော်လှန်ရေးအင်အားစုများ၏ ထုတ်ပြန်ချက်များနှင့် သတင်းမီဒီယာများမှ စောင့်ကြည့်လေ့လာကောက်ယူထားခြင်းဖြစ်သဖြင့် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များသည် မြေပြင်တွင် ပိုမိုများပြားနိုင်ပါသည်။

NYAN LYNN THIT ANALYTICA

## နိဒါန်း

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ နွေဦးတော်လှန်ရေးကာလ စတင်သည့်အချိန်မှစ၍ စစ်အုပ်စုသည် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ အခြေစိုက်သည့် တပ်စခန်းများ၊ အရပ်သားများ စုဝေးသည့် အခမ်းအနားများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ လူနေအဆောက်အဦးများနှင့် ယာယီစစ်ရှောင်စခန်းများကိုပါ လေကြောင်းပစ်မှတ်များအဖြစ် တိုက်ခိုက်လျက်ရှိသည်။

လေ့လာတွေ့ရှိချက်များအရ စစ်အုပ်စုသည် (၁) လေကြောင်းစစ်ဆင်ရေးပြုလုပ်ခြင်း၊ (၂) မြေပြင်ထိုးစစ်ဆင်ရာတွင် လေကြောင်းဖြင့် ကူညီပစ်ခတ်ပေးခြင်း၊ (၃) ၎င်းတို့၏ စစ်စခန်းများ ထိုးစစ်ဆင်ခံရချိန်၊ စစ်ကြောင်းများတိုက်ခိုက်ခံရချိန်တွင် ကူညီပစ်ခတ်ပေးခြင်း၊ (၄) ကင်းထောက်ခြင်း (၅) တပ်သားဖြည့်တင်းခြင်း/တပ်များပြောင်းရွှေ့နေရာချခြင်းနှင့် (၆) စစ်ရေးအရင်းအမြစ်ရိက္ခာများပို့ဆောင်ခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် အခြားလေ့ကျင့်ရေးလေယာဉ်များကို သုံးစွဲလျက်ရှိသည်။

# ၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ်လ အတွင်း လေကြောင်းတိုက်ခိုက်မှုများနှင့် အရပ်သား ထိခိုက်သေဆုံးမှုများ

၂၀၂၄ခုနှစ်၊ မေလ မှ ဩဂုတ်လအထိ ရက်ပေါင်း (၁၂၃)ရက်အတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်



**စုစုပေါင်း**

**၈၂၀ ခု**

၂၀၂၄ခုနှစ်၊ မေလ မှ ဩဂုတ်လအထိ ၄ လတာအတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ပျမ်းမျှအားဖြင့် ၁ ရက်လျှင်



**အနည်းဆုံး**

**၇ ခုနီးပါး**

၂၀၂၄ခုနှစ်၊ မေလ မှ ဩဂုတ်လအထိ ရက်ပေါင်း (၁၂၃)ရက်တွင် စစ်ကောင်စီမှ နေ့စဉ်ရက်ဆက်နီးပါး လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။ ၎င်း ၄ လ အတွင်း စစ်ကောင်စီမှ ကျူးလွန်ခဲ့သော လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ပေါင်း (၈၂၀) ခု ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် တရက်လျှင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် အနည်းဆုံး ၇ ခုနီးပါး ရှိခဲ့သည်။

**MAY**

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**JUNE**

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

**JULY**


| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

**AUGUST**

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | 31 |


၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ် အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် ရက်စွဲပြ ပြက္ခဒိန်

၂၀၂၄ခုနှစ်၊ မေလ မှ ဩဂုတ်လအတွင်းလေကြောင်းအသုံးပြုတိုက်ခိုက်မှုဖြစ်စဉ် အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများအဖြစ် ရခိုင်တွင် ၁၇၆ ခု၊ ရှမ်း(မြောက်)တွင် ၁၅၁ ခု၊ မန္တလေးတွင် ၁၃၂ ခု၊ ကချင်တွင် ၁၀၉ ခု၊ စစ်ကိုင်းတွင် ၇၁ ခု၊ မကွေးတွင် ၄၅ခု၊ တနင်္သာရီ နှင့် ချင်းတွင် ၃၉ ခု အသီးသီးရှိခဲ့သည်။ ထို့အပြင် ကရင်တွင် ၂၉ ခု၊ ပဲခူးတွင် ၉ ခု၊ ကရင်နီတွင် ၈ ခု၊ မွန် နှင့် ရှမ်း(တောင်) တွင် ၆ခု စီ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ်လအတွင်း စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးသူ (၄၅၅)ဦး၊ ဒဏ်ရာရရှိသူ (၈၁၉)ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေးအဆောက်အအုံ (၆၁)ခု၊ စာသင်ကျောင်း (၂၈)ကျောင်း နှင့် ဆေးရုံ၊ ဆေးခန်း (၁၆)ခု တို့ ထိခိုက်ပျက်စီးခဲ့ပါသည်။ ထို့အပြင် ပြည်သူပိုင်နေအိမ်များ၊ ယာဉ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များ နှင့် စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအများအပြားရှိခဲ့သည်။




| | ကချင် | ကရင် | ကရင်နီ | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရှမ်း/တောင် | ရှမ်း/မြောက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖြစ်စဉ် | ၁၀၉ | ၂၉ | ၈ | ၃၉ | ၇၁ | ၃၉ | ၉ | ၄၅ | ၁၃၂ | ၆ | ၁၇၆ | ၆ | ၁၅၁ |
| အကြိမ်ရေ | ၁၂၉ | ၇၅ | ၈ | ၆၂ | ၁၃၇ | ၅၉ | ၁၀ | ၆၂ | ၁၉၂ | ၉ | ၂၃၀ | ၉ | ၃၃၉ |


၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် အကြိမ်အရေအတွက်





| | ကချင် | ကရင် | ကရင်နီ | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရှမ်း/တောင် | ရှမ်း/မြောက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သေဆုံး | ၁၂ | ၃ | ၀ | ၁၁ | ၇၆ | ၆ | ၀ | ၄၄ | ၇၇ | ၂၀ | ၁၀၁ | ၀ | ၁၀၅ |
| ဒဏ်ရာရ | ၅၂ | ၄ | ၀ | ၂၈ | ၁၉၅ | ၁၇ | ၃ | ၉၇ | ၁၀၇ | ၀ | ၂၁၂ | ၄ | ၁၀၀ |




၂၀၂၄ ခုနှစ်၊ မေလမှ ဩဂုတ်လအတွင်း စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာရခဲ့သည့် အရပ်သားအရေအတွက်





၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့်
ဆေးရုံ/ဆေးခန်း၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ ပျက်စီးမှုအရေအတွက်




၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ်အတွင်း လေကြောင်းတိုက်ခိုက်မှုများတွင်
စစ်အုပ်စု၏ ဓာတုအဆိပ်ငွေ့ဗုံးများ အသုံးပြုခဲ့ကြောင်း တော်လှန်ရေးအဖွဲ့များနှင့်ဒေသခံများမှ ထုတ်ပြန်ပြောဆိုထားသည့် ဖြစ်စဉ်များ

၂၀၂၄ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ ၄ လတာကာလအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများတွင် ဓာတုအဆိပ်ငွေ့ဗုံးများ အသုံးပြုခဲ့သည့် ဖြစ်စဉ်အနည်းဆုံး (၈)ခု ရှိခဲ့သည် ဟု တော်လှန်ရေးအင်အားစုများနှင့် ဒေသခံများက ထုတ်ပြန်ပြောဆိုထားသည်။


# ၂၀၂၄ ခုနှစ်၊ မေလ မှ ဩဂုတ်လအထိ (၄)လတာကာလအတွင်း စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်အရေအတွက်




## မြို့နယ်အလိုက် အမြင့်ဆုံး လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အရေအတွက်နှင့် အရပ်သားသေဆုံးမှုအရေအတွက်

| စဉ် | မြို့နယ် | ဖြစ်စဉ် | မြို့နယ် | သေဆုံးမှု |
|---|---|---|---|---|
| ၁ | သံတွဲ | ၅၇ | ကျောက်မဲ | ၃၇ |
| ၂ | မောင်တော | ၅၅ | စဉ့်ကူး | ၃၅ |
| ၃ | နောင်ချို | ၄၅ | သံတွဲ | ၃၅ |
| ၄ | စဉ့်ကူး | ၃၅ | မင်းကင်း | ၃၁ |
| ၅ | မိုးမောက် | ၃၄ | ဆော | ၂၇ |

# ၂၀၂၄ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ (၄)လတာကာလအတွင်း စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် အကြိမ်အရေအတွက်




## မြို့နယ်အလိုက် အမြင့်ဆုံး လေကြောင်းတိုက်ခိုက်မှုအကြိမ်ရေနှင့် အရပ်သားထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်

| စဉ် | မြို့နယ် | အကြိမ်ရေ | မြို့နယ် | ဒဏ်ရာရရှိမှု |
|---|---|---|---|---|
| ၁ | **နောင်ချို** | ၁၀၉ | **မင်းကင်း** | ၇၅ |
| ၂ | **သီပေါ** | ၈၂ | **စဉ့်ကူး** | ၆၁ |
| ၃ | **မောင်တော** | ၇၀ | **စစ်ကိုင်း** | ၆၀ |
| ၄ | **သံတွဲ** | ၅၈ | **ဆော** | ၄၀ |
| ၅ | **စဉ့်ကူး** | ၅၀ | **သံတွဲ** | ၄၀ |

# ၂၀၂၁၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄ (ဇန်-ဩ) ခုနှစ် ကာလများအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကို နှိုင်းယှဉ်လေ့လာခြင်း

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ မှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လအထိ ရက်ပေါင်း (၁၃၀၈) ရက် အတွင်း စစ်ကောင်စီမှ လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သော ရက်ပေါင်း (၈၁၃)ရက်ရှိခဲ့ပြီး လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း ၃၂၉၂ ခု ရှိခဲ့ပါသည်။ စစ်ကောင်စီ၏ လေကြောင်းစစ်ဆင်ရေးများကြောင့် အရပ်သားသေဆုံးမှု စုစုပေါင်း ၁၇၄၉ ဦး နှင့် ဒဏ်ရာရရှိသူ ၂၄၅၃ဦး ရှိကြောင်းတွေ့ရှိရပါသည်။ ၄နှစ်ကျော်ကာလအတွင်း စစ်ကောင်စီ၏ လေကြောင်းစစ်ဆင်ရေးလှုပ်ရှားမှုကို နှိုင်းယှဉ်လေ့လာကြည့်ပါက လေကြောင်းအသုံးပြုတိုက်ခိုက်မှုနှုန်းမှာ တနှစ်ထက်တနှစ် ပိုမိုမြင့်တက်လာသည်နှင့်အမျှ အရပ်သားများ သေဆုံးဒဏ်ရာရမှုနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုအရေအတွက်မှာလည်း သိသိသာသာ တိုးမြင့်လျက်ရှိသည်ကို တွေ့ရပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ အထိ ရက်ပေါင်း
(၁၃၀၈)ရက်အတွင်း
လေကြောင်းတိုက်ခိုက်ခဲ့သည့်ရက်




**စုစုပေါင်း**
**၈၁၃ ရက်**


၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ အထိ
လေကြောင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်




**စုစုပေါင်း**
**၃၂၉၂ ခု**





၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၄၊ ဩဂုတ်လအထိ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် အကြိမ်ရေကို ၄လစီ နှိုင်းယှဉ်ပြပုံ




၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၄၊ ဩဂုတ်လအတွင်း
စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည့်အရပ်သားအရေအတွက်




၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၄၊ ဩဂုတ်လအတွင်း
စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရခဲ့ရသည့် အရပ်သားအရေအတွက်




၂၀၂၁၊ ဖေဖော်ဝါရီလမှ ၂၀၂၄၊ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့်
ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ ပျက်စီးမှုအရေအတွက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း ၃၃၄ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၅၈ ရက် ရှိခဲ့ပါသည်။ နွေဦးတော်လှန်ရေးစတင်သည့်ကာလမှ စတင်၍ ၂၀၂၁ ခုနှစ် အတွင်း စစ်ကောင်စီမှကျူးလွန်ခဲ့သော လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း ၈၅ ခု ရှိခဲ့ပြီး ၄ ရက်လျှင် လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ၁ ခုနှုန်း ရှိခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု (၆၃) ဦး၊ ဒဏ်ရာရရှိသူ (၄၂) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေးအဆောက်အအုံ (၈) ခု၊ စာသင်ကျောင်း (၇) ကျောင်းနှင့် ဆေးရုံဆေးခန်း (၄) ခု ထိခိုက်ပျက်စီးခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း (၃၃၄)ရက်အတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်

**စုစုပေါင်း ၈၅ ခု**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလ အတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ပျမ်းမျှအားဖြင့် ၄ ရက်လျှင်

**အနည်းဆုံး ၁ ခု**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလ အတွင်း စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုကြောင့်

| | |
|---|---|
| အရပ်သားသေဆုံးမှု အရေအတွက် | ၆၃ ဦး |
| အရပ်သားဒဏ်ရာရရှိမှု အရေအတွက် | ၄၂ ဦး |

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလ အတွင်း စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့်

| | |
|---|---|
| ဘာသာရေး အဆောက်အအုံ | ၈ ခု |
| စာသင်ကျောင်း | ၇ ခု |
| ဆေးရုံ/ဆေးခန်း | ၄ ခု |

NYAN LYNN THIT ANALYTICA

၂၀၂၁ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း
စစ်ကောင်စီမှပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်၊ သေဆုံးဒဏ်ရာရသည့် အရပ်သားအရေအတွက်နှင့်
ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံ/ဆေးခန်း အရေအတွက်

၂၀၂၂ ခုနှစ် တနှစ်တာကာလအတွင်း ရက်ပေါင်း ၃၆၅ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၂၀၅ ရက် ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သော လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း (၃၃၉) ခု ရှိခဲ့ပြီး ၁ ရက်လျှင် လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ၁ ခု နီးပါး ရှိခဲ့သည်ကို တွေ့နိုင်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု ( ၂၆၀) ဦး၊ ဒဏ်ရာရရှိသူ (၈၅) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေး အဆောက်အအုံ (၂၀) ခု၊ စာသင်ကျောင်း (၁၄) ကျောင်းနှင့် ဆေးရုံဆေးခန်း (၇) ခုတို့ ထိခိုက်ပျက်စီးခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ ရက်ပေါင်း (၃၆၅)ရက်အတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်

**စုစုပေါင်း**

**၃၃၉ ခု**

၂၀၂၂ ခုနှစ် အတွင်း လေကြောင်း တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ပျမ်းမျှအား ဖြင့် ၁ ရက်လျှင်

**အနည်းဆုံး**

**၁ ခု**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ အတွင်း စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုကြောင့်

| | |
|---|---|
| အရပ်သားသေဆုံးမှု အရေအတွက် | ၂၆၀ ဦး |
| အရပ်သားဒဏ်ရာရရှိမှု အရေအတွက် | ၈၅ ဦး |

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ အတွင်း စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့်

| | |
|---|---|
| ဘာသာရေး အဆောက်အအုံ | ၂၀ ခု |
| စာသင်ကျောင်း | ၁၄ ခု |
| ဆေးရုံ/ဆေးခန်း | ၇ ခု |

၂၀၂၂ ခုနှစ် အတွင်း
စစ်ကောင်စီမှပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်၊ သေဆုံးဒဏ်ရာရသည့် အရပ်သားအရေအတွက်နှင့် ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံ/ဆေးခန်း အရေအတွက်

၂၀၂၃ ခုနှစ် တနှစ်တာကာလအတွင်း ရက်ပေါင်း ၃၆၅ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၃၀၈ ရက် ရှိခဲ့ပြီး နေ့စဉ်ရက်ဆက်နီးပါး လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်း လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်စုစုပေါင်း ၁၂၂၈ ခု ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် ၁ ရက်လျှင် လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်အနည်းဆုံး ၃ ခု ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် တနှစ်တာကာလအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှု (၆၁၃) ဦး၊ ဒဏ်ရာရရှိသူ (၇၅၁) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေးအဆောက်အအုံ (၁၀၉) ခု၊ စာသင်ကျောင်း (၅၅) ကျောင်းနှင့် ဆေးရုံဆေးခန်း (၁၇) ခု ထိခိုက်ပျက်စီးခဲ့ပါသည်။




၂၀၂၃ ခုနှစ် အတွင်း
စစ်ကောင်စီမှပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်၊ သေဆုံးဒဏ်ရာရသည့် အရပ်သားအရေအတွက်နှင့်
ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံ/ဆေးခန်း အရေအတွက်


၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၈ လတာကာလအတွင်း ရက်ပေါင်း ၂၄၄ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၂၄၂ ရက် ရှိခဲ့ပြီး နေ့စဉ်ရက်ဆက်နီးပါး လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၈ လအတွင်း လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း ၁၆၃၉ ခု ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် ၁ ရက်လျှင် လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် အနည်းဆုံး ၇ ခုနီးပါ ရှိခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၈ လအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှု (၈၁၃) ဦး၊ ဒဏ်ရာရရှိသူ (၁၅၇၅) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေးအဆောက်အအုံ (၁၁၁) ခု၊ စာသင်ကျောင်း (၆၆) ကျောင်းနှင့် ဆေးရုံဆေးခန်း (၂၇) ခု ထိခိုက်ပျက်စီးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ရက်ပေါင်း (၂၄၄)ရက်အတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်



**စုစုပေါင်း ၁၆၃၉ ခု**

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ပျမ်းမျှအားဖြင့် ၁ ရက်လျှင်



**အနည်းဆုံး ၇ ခုနီးပါး**

NYAN LYNN THIT ANALYTICA

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့်

| | |
|---|---|
| အရပ်သားသေဆုံးမှု အရေအတွက် | ၈၁၃ |
| အရပ်သားဒဏ်ရာရရှိမှု အရေအတွက် | ၁၅၇၅ |

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့်

| | |
|---|---|
| ဘာသာရေး အဆောက်အအုံ | ၁၁၁ ခု |
| စာသင်ကျောင်း | ၆၆ ခု |
| ဆေးရုံ/ဆေးခန်း | ၂၇ ခု |

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း
စစ်ကောင်စီမှပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဥ်၊ သေဆုံးဒဏ်ရာရသည့် အရပ်သားအရေအတွက်နှင့်
ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံ/ဆေးခန်း အရေအတွက်